# ဤအရာဖြင့် ကောင်းကင်ဘုံကို ပြုလုပ်ထားသည်။

ကျွန်မအနေနှင့် မိမိဖခင်ကို ချီးကျူးထောမနာ မပြုလိုပါ။သူက ဤကဲ့သို့ ပြုခြင်းကို နှစ်သက်ခဲ့မည်မဟုတ်ပါ။ မိမိ ကိုယ်ကို မပေါ်လွင်အောင် ထင်ထင်ရှားရှား မနေတတ်သောသူ တစ်ယောက်အစဉ်ဖြစ်ခဲ့သူ ကျွန်မအဖေအနေနှင့် မိမိကိုယ်ကို ဂုဏ်ဖော်မည့် အပြုအမူတစ်ခုလေးမျှကိုပင် ရှာဖွေခဲ့ကြောင်း၊ ပြုမူခဲ့ကြောင်း ကျွန်မ မတွေ့ခဲ့ရ၊ အမှတ်တရမရှိခဲ့။ တစ်စုံတစ်ယောက်က သူ့ကို ချီးကျူးပြောဆိုလာခဲ့တိုင်း သူက ဖန်ဆင်းရှင်ရှိရာ ကောင်းကင်ဆီသို့သာ ညွှန်ပြလျက် ဘုရားသခင်၏ ဘုန်းတော်ကို ချီးမွမ်းလေ့ရှိသည်။

ယခု နှစ်ပေါင်းများစွာကြာ သူသေဆုံးပြီးနောက်မှပင် မည်မျှ အဖိုးတန်သော ဖခင်ကို ကျွန်မ ရရှိခဲ့ကြောင်းကို ကျွန်မ သိရှိနားလည်လာခဲ့ရသည်။ သူ ကျွန်မအနားတွင် ရှိနေစဉ် အချိန်များ–အထူးသဖြင့် ကျွန်မအပျိုပေါက်အရွယ်တလျှောက်လုံးတွင်မိမိဖခင်အားမည်သို့တန်ဘိုးထားခဲ့ရကောင်းမှန်းကိုမသိ နားမလည်ခဲ့၊ ဖခင်တိုင်းက သူ့ကဲ့သို့ပင် အနစ်နာခံ စွန့်လွှတ်–တတ်ပြီး ကြင်နာကြသည်ဟု ကျွန်မ ထင်မှတ်ခဲ့သည်။သူ၏ နူးညံ့သိမ်မွေ့ပြီး စိတ်ရှည် သည်းခံတတ်သည့် သဘောသဘာဝကို ကျေးဇူးတင်ရမှန်း မသိခဲ့သလို သူ၏ ယုံကြည်မှုအပေါ် လေးစားရိုသေရမှန်းကိုလည်း မသိခဲ့။ ထို့ပြင် ကျွန်မကြောင့် သူခံစားခဲ့ရသော နာကျင်မှု ဝေဒနာများကို ဥပက္ခာပြုလျက် ကြိမ်ဖန်များစွာ သူသိက္ခာကျအောင် ကျွန်မ ပြုလုပ်မိခဲ့သည်။ အဖေ…အဖေ့ကို နစ်နာအောင် ပြုမိခဲ့သည့်အတွက် ကျွန်မ မည်မျှ ဝမ်းနည်းမိကြောင်းကို ယခု အဖေ သိရပါပြီ။အဖေ့အတွက် ကျွန်မ မည်မျှ ဂုဏ်ယူမိကြောင်း ကျွန်မ အသက်တာအပေါ် လုပ်ဆောင်ပေးခဲ့သော အရာများအတွက် မည်မျှ အလွန်အမင်း ကျေးဇူးတင်မိကြောင်း အဖေသိလောက်ပါပြီ။

အဖေသည် ၁၈၉၃ခုနှစ်တွင် ဂျာမဏီနိုင်ငံ၌ မွေးဖွားခဲ့ပြီး ကျွန်မကို မွေးသောအချိန်တွင် အဖေက ကျွန်မ၏ အဖိုးဖြစ်နိုင်သော အရွယ်သို့ပင် ရောက်နေခဲ့ပြီဖြစ်သည်။

အသက် (၁၇)နှစ်အရွယ်တွင် သခင်ယေရှုကို မိမိ၏ ကယ်တင်ရှင်အဖြစ် လက်ခံခဲ့သော အဖေက မိမိနှင့် တွေ့သမျှ သူများအား သခင်ယေရှု၏ ချစ်ခြင်းမေတ္တာကို မျှဝေပေးရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ပထမ ကမ္ဘာစစ်တွင် မိမိဆန္ဒမပါဘဲ စစ်သားတစ်ယောက် ဖြစ်ခဲ့ရသော အဖေ့ အနေနှင့် သူ့အသက်ကို ရယူခြင်းထက် အသက်ပေါင်းများစွာကို ကယ်တင်ခြင်းအား ပို၍ နှစ်သက်သောကြောင့် အခွင့်အရေးရတိုင်း သခင်ယေရှု၏ အကြောင်းကို ပြောနေခဲ့သည်။ လူအချို့က သူနှင့် သူ့၏ ယုံကြည်ခြင်းအပေါ် ပျက်ရယ်ပြုလေ့ရှိခဲ့ရာ တခါတရံ ၎င်းတို့၏ အပြုအမူများက အတော်လေးကို ယုတ်ညံ့လှပေသည်။

"တစ်ကြိမ်မှာအရာရှိတစ်ယောက်က အဖေ့ကို စလိုတဲ့စိတ်နဲ့အဖေ့ရဲ့ကျမ်းစာအုပ်ကို ဆွဲယူလိုက်ပြီး ကျမ်းပိုဒ်တပိုဒ်ကို ရှာဖို့ ကြိုးစားခဲ့ကြတယ်။ သူတို့ဟာ အဲဒီကျမ်းပိုဒ်ကို ရှာလို့မရဘဲ ဖြစ်နေတဲ့အချိန်မှာ စာရွက်တစ်ရွက်ကို ညှပ်ထားတာ တွေ့လို့ သိလိုစိတ်နဲ့ ဖတ်ကြည့်လိုက်မိတယ်။ ဒီစာရွက်က အဖေ ဆုတောင်းပေးနေသူတွေရဲ့ အမည်စာရင်းတွေပါတဲ့ စာရွက် ဖြစ်နေတယ်။ သူတို့ဟာ မိမိတို့ အမည်တွေကို တအံ့တဩနဲ့ တွေ့လိုက်ရအပြီးမှာ ဒီကြမ်းတမ်းမောက်မာလှတဲ့ ယောကျ်ားရင့်မကြီးတွေဟာ အဖေ့ရဲ့ ကျမ်းစာအုပ်ကို တရိုတသေ ပြန်ပေးရင်း တောင်းပန်ခဲ့ကြတယ်" ဟု အဖေက ကျွန်မကို အမှတ်တရ ပြန်လည်ပြောပြခဲ့ပါသည်။ထိုအချိန်မှစ၍ သူတို့ အဖေ့ကို မနှောက်ယှက်ကြတော့။

မိမိကို ချိုးနှိမ်ပြီးမှ နောက်ပြောင်လေ့ရှိသော အခြား အထက်အရာရှိတစ်ယောက်၏ အကြောင်းကိုလည်း အဖေက ပြောပြပါ သည်။ သို့–သော်လည်း စစ်မြေပြင် ရောက်ပြီဆိုသည်နှင့် သူသည် အဖေ့အနီးအနားတဝိုက် အကာအကွယ်ကို ရှာဖွေလေ့ ရှိသောကြောင့် အဖေက "ခင်ဗျားဘာကြောင့် ကျွန်တော့်နောက်မှာ အမြဲပုန်းနေရသလဲ? ကျွန်တော်က ကျည်ဆံပြီးနေတဲ့လူ မဟုတ်ဘူးဗျ" ဟု တစ်ကြိမ်တွင် မေးခဲ့ရာ ဤတစ်ကြိမ်တွင် ထိုသူက မလေးမစားမပြုတော့ဘဲ "ခင်ဗျားရဲ့ အနီးအနားတဝိုက်မှာ အရမ်းကို ငြိမ်သက် အေးချမ်းတယ်။ ဘာကြောင့်မှန်းမသိဘူး၊ ခင်ဗျားရဲ့အနားမှာ ရှိနေရတာကိုက အန္တရယ်ကင်း

သလို ကျွန်တော် ခံစားရတယ်"ဟု အလေးအနက်ထား၍ ဖြေကြားခဲ့သည်။

အဓိက စစ်ပွဲကြီး တစ်ခုမစမီ အကြောက်လွန်၍ ထွက်ပြေးရန် ကြိုးစားရာ ဖမ်းမိသွားသောကြောင့် ချက်ခြင်းသေဒဏ် အပြစ်ပေးခံရသော (၁၉)နှစ်သားအရွယ် စစ်သားလေးတစ်ယောက်အကြောင်း ပြောပြချိန်တွင် အဖေ့အသံက စာနာသော ခံစားချက်နှင့် ပြည့်လျှက်ရှိနေခဲ့သည်။ သို့ သော် အဖေက သူ့ကို မသတ်ရန် တောင်းပန်ခဲ့သည်။ "တာဝန်ရှိသူ အထက်အရာရှိကို အကျိုးအကြောင်း ဖြောင်းဖျလျက် "သူနဲ့စကားပြောဘို့ ကျွန်တော့်ကို အချိန်နည်းနည်းပေးပါ"ဟု အဖေက တောင်းဆိုခဲ့ရာ ခွင့် ပြုချက် ရခဲ့သည်။

မိမိ၏ ကြောက်ရွံ့ခြင်းများကို ရင်ဆိုင်ခဲ့ပြီး ကျွန်တော်တို့အတွက် သူ၏အသက်ကို ပေးအပ်ခဲ့သော သခင်ယေရှု၏ အကြောင်းကို ထိုလူငယ်လေးအား ပြောပြကာ အတူတကွ ဆုတောင်းခဲ့ကြသည်။ မိမိအသက် ဆုံးရှုံးနိုင်ကြောင်းကိုသိလျက် ထိုလူငယ်လေးသည် တိုက်ပွဲတွင်းသို့ ရဲ့ဝင့်စွာပင် တိုးဝင်သွားခဲ့သည်။ သူ၏ ခန္ဓာကိုယ်အား ပြန်လည် တွေ့ရှိရသောအခါမှာ သူ၏ မျက်နှာပေါ် ပကတိ အေးချမ်းမှုကို တွေ့ခဲ့ကြရသည်။ သူ၏ ရင်ပတ်ပေါ်မှ လက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်က – အဖေ သူ့အား ပေးခဲ့သည့် လက်ကမ်းစာစောင်လေး။ ထိုစာစောင်လေးထဲတွင် ပါဝင်သည့် ကျမ်းပိုဒ်လေးက "ရွှေ၊ဦးစွာသော ဘုရားသခင်သည် သင့်ခိုလှုံရာဖြစ်၍ နိစ္စထာဝရ လက်ရုံးတော်ဖြင့် သင့်ကို ထောက်မတော်မူ၏…" (တရား ၃၃း၂၇)



ကျွန်မအဖေနှင့် သူ့အစ်မများ

စစ်ကြီးပြီးဆုံးသည့်နောက် အဖေသည် သင်းအုပ်ဆရာ တစ်ယောက်ဖြစ်လာရန် ကြိုးစားခဲ့သော်လည်း မိဘများ၏ ငွေကြေးအခက်အခဲကို ဖြေရှင်းပေးရန်အတွက် မိမိ၏ အိပ်မက်ကို အဆုံးရှုံးခံလိုက်ရသည်။ မိသားစုကို ထောက်ပံ့ရန်အတွက် မိမိ ၏ သင်ကြားလေ့လာမှုများကို ဆက်လက်မပြုလုပ်နိုင်ခဲ့ပါ။ သို့သော်လည်း ဤအရာက သူရောက်လေရာရာအရပ်တွင် ဆက်လက်၍ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဝေငှခြင်းအား အနှောက်အယှက် မပေးနိုင်ခဲ့။ သူက ဥပုသ်စာသင်ကျောင်းလေးတစ်ခုကို တည်ထောင်–ပြီး ခရစ်ယာန်မိတ်သဟာရ အစီအစဉ်များကို သူ၏ ဘုရားကျောင်း၌ ပုံမှန် ဦးဆောင်လေ့ရှိသည်။ သင်းအုပ်ဆရာ၏ အကူအဖြစ် အကြောင်းအရာ အတော်များများတွင် ပါဝင်ဆောင်ရွက်ခဲ့ရာတွင် ဖျားနာသူများနှင့် နာမကျန်းဖြစ်သူများထံ သွားရောက်လည်ပတ်ခြင်းက သူအနှစ်သက်ဆုံး အလုပ်တစ်ခုဖြစ်ခဲ့သည်။

ကလေး(၆)ယောက်ရှိသည့်အနက် ကျွန်မက အငယ်ဆုံးဖြစ်သည်။ ကျွန်မငယ်စဉ်မှာ အဖေနှင့်ကျွန်မတို့ တစ်ဦးကိုတစ်ဦး အလွန်ချစ်ခင်မြတ်နိုးကြသည့်အလျောက် မရေမတွက်နိုင်လောက်အောင် အဖိုးမဖြတ်နိုင်သော အချိန်လေးများစွာ အတူတကွ ဖြုန်းခဲ့ကြရသည်။ သို့သော် ကျွန်မ ကြီးပြင်းလာပြီး ဘုရားရှင်၏ ချစ်ခြင်းမေတ္တာနှင့် မိဘများတို့၏ ယုံကြည်သက်ဝင်မှုကို ကျောခိုင်းလိုက်သည့်အချိန်ဝယ် အဖေရင်ကွဲ ပက်လက်ဖြစ်ခဲ့ရသည်။ သူက ကျွန်မကိုတရားဟောလိမ့်မည်ဟု မျှော်လင့်ထားသည့် အကြောင်းအရာများကို မကြားနာလိုသည့်အလျောက် ထို (၁၀)နှစ်တာကာလအတွင်း ဆက်သွယ်မှုမရှိ သလောက်ပင်ဖြစ်ခဲ့ရသည်။ အမေကတော့ အတော်လေး ဆိုဆုံးမခဲ့ပြီးဖြစ်သည်။ ဤသို့မဟုတ်လျှင်လည်း ပြောဆိုဆုံးမသင့်သည်များကို ပြောပြီးသွားဟန်တူသည်။

ထို့ကြောင့်လည်း အမေက အလွန်အမင်း ငြင်းခုံခြင်း ပြုနေချိန် အဖေက တိတ်တဆိတ်နေရန် ဆုံးဖြတ်ထားခဲ့သည်။ "မင်းသမီးနဲ့မင်းဒီလောက် ဘာဖြစ်လို့ စကားအများကြီး ပြောနေရတာလဲ" ဟု အဖေက မေးပြီး "မင်းသမီး အကြောင်းကိုဘုရားသခင်နဲ့စကားပြောကြည့်တာပိုကောင်းလိမ့်မယ်"ဟုပြော–တတ်သည်။ တခါတရံ ဝမ်းနည်းကြေကွဲမှုများဖြင့် ပြည့်နေသည့်မျက်လုံးများဖြင့် အဖေက ကျွန်မကို ကြည့်နေသောအခါများတွင် ကျွန်မ၏ နှလုံးသားထဲ ကြောက်ရွံ့မှုကို ဖြစ်ပေါ်စေသည်။ကျွန်မတို့၏အဖေနှင့် သမီးဆက်ဆံရေးက တဖြေးဖြေးနှင့် မှေးမှိန်လာခဲ့ရာ ဤဝေဒနာကို အဖေက မခံနိုင်ခဲ့ပါ။ ဤအရာက သူ့ကို အခံရခက်စေသည့်နည်းတူ ကျွန် မအတွက်လည်း အလွန်စိတ်မချမ်းမြေ့စရာ ဖြစ်နေခဲ့သည်။ သို့သော် လည်း ဤအနေအထားကို ကျွန်မ ဝန်မခံလိုသောကြောင့် ကျွန်မဘက်မှ အလျှော့မပေးခဲ့။

အဖေက ကျွန်မ၏အကြောင်းကို ဘုရားသခင်အား ပြောပြခဲ့ရာ သူ၏ စကားကို ဘုရားသခင် ကြားနာခဲ့သည်။ ကျွန်မ၏ အသက် (၂၁) နှစ်အရွယ်တွင် အလွန်ထူးဆန်းအံ့သြဘွယ်ရာကောင်းသော ပြောင်းလဲမှုကို ကျွန်မတွေ့ကြုံခံစားခဲ့ရသည်။ ပျောက်ဆုံးသွားခဲ့သော သမီးတစ်ဦးသဖွယ် သခင်ယေရှုထံ ကျွန်မ ပြန်သွားခဲ့ပြီး ကျွန်မကို တာဝန်ယူစောင့်ရှောက်ရန် သူ့အား တောင်းဆိုခဲ့သည်။ သူက ကျွန်မ၏ အော်ဟစ်တောင်းခံသံကို အဖြေပေးခဲ့ပြီး ကျွန်မ တမ်းတနေခဲ့သော ချစ်ခြင်းမေတ္တာနှင့် ပြည့်ဆည်းမှုကို ပေးအပ်ခဲ့သည်။

အဖေ၏ဝမ်းမြောက်မှုကပြောစရာ မရှိတော့ပါ။ အဘယ်မျှ ရွှင်လန်းဝမ်းမြောက်စရာကောင်းသော ပြန်လည် ပေါင်းစည်းမှု ဖြစ်ခဲ့ရပါသနည်း? အမေက ဤနှစ်များအတွင်း အဖေတစ်ယောက် မည်မျှ အပြင်းအထန် မရပ်မနားဘဲ ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ဆုတောင်းခဲ့ပုံကို ပြန်လည်ပြောပြခဲ့ပါသည်။

"သခင်ဘုရား…ဘယ်လို အဖိုးအခမျိုးကိုပင် ပေးရစေကာမူ သမီးကိုယ်တော်ကို ရှာဖွေတွေ့ရှိဘို့ မစတော်မူပါ"ဟု ဆုတောင်းခဲ့သည်ကို အမေကြားခဲ့ရသည်။ " သမီးကို စိတ်ရှည် လက်ရှည်နှင့် စောင့်ဆိုင်းခဲ့ပြီး စစ်မှန်သော ပျော်ရွှင်မှုကို သမီး ရရှိစေရန် ကူညီခဲ့သော အဖေ့ကို သမီး ကျေးဇူးတင်ပါတယ် အဖေ"။



နောက်နှစ်အနည်းငယ်အကြာ အဖေကောင်းကင်နိုင်ငံသို့သွားခဲ့ပြီးနောက်တွင် အဖေ့အကြောင်း ဆောင်းပါးတစ်စောင်က သတင်းစာထဲပါလာခဲ့သည်။ ထိုဆောင်းပါးမှ စာတပိုဒ်က "မစ္စတာဂရူဝင်ဟော့(ဂျ)က သူတပါးအပေါ် ပြသခဲ့သည့် နှလုံးသားထဲမှ လိုက်လှဲသော ကြင်နာသနားမှုမျိုးနှင့် စိတ်ရှည်မှုမျိုးကို အလွန်တွေ့ရခဲ့သည်။ သူ့ကို တွေ့ဆုံခဲ့ရသူတိုင်းက "သူသည် ယေရှုနှင့် အတူရှိခဲ့"သလို ခံစားမိကြရသည်။ (တမန်တော် ၄း၁၃)

သူ၏ နှိမ့်ချသောနည်း၊ နှိမ့်ချသောဟန်ဖြင့် အဖေသည် သူတော်စင်တစ်ဦးဖြစ်ခဲ့ပါသည်။ ကောင်းကင်နိုင်ငံကိုလည်း ဤသို့သော အရာများဖြင့် ပြုလုပ်ထားသည် မဟုတ်ပါလား။



## ကျွန်ုပ်တို့မြင်ရသည့် ဒေသနာများ

ဒေသနာတစ်ခုကို ကြားရသည်ထက် ရှုမြင်လို၊ မည်သည့်နေ့တွင်မဆို
ထိုလမ်းကို ငါ့အားပြောပြသည်ထက် အတူလျှောက်မည့် သူကိုလို
မျက်လုံးသည်နားထက်ပို၍ စိတ်ဝင်စားကာ သာလွန်သည့် တပည့်ဖြစ်ရာ
အကြံဉာဏ်ကောင်းက ရှုပ်ထွေးသော်လည်း အမြဲရှင်းလင်းသည်မှာ ပုံသက်သေသာ
ယုံကြည်သည့်အတိုင်း ရှင်သန်သူများသာ၊ အကောင်းဆုံးဒေသနာ ဟောကြားသူများဖြစ်ရာ
လူတိုင်းအတွက်လိုအပ်သည်မှာကောင်းသောအမှုပြုခြင်းအားတွေ့မြင်ရဘို့သာ

ထိုအမှု မည်သို့ပြုကြောင်း ငါ့ကိုမြင်တွေ့ခွင့်ပေးခဲ့လျှင် အလားတူအမှုကို ငါအမြန်ပြုနိုင်လိမ့်မည်ပင်၊
သင့်လက်များလုပ်ဆောင်မှုအား ငါစောင့်ကြည့်နိုင်ငြားလည်း၊
လျှင်မြန်သောသင်၏လျှာက ထွက်ပြေးနိုင်စမြဲ၊
သင့်သွန်သင်မှုက စစ်မှန်ပြီး ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံနိုင်သည်
သို့သော် သင်ပြသည့်အမှုကို ကြည့်ခြင်းဖြင့်သာ သင်ခန်းစာကို ငါယူမည်
သင်နှင့် သင့်အကြံကောင်းများပေါ်မှာ ငါ နားလည်မှု လွဲမှားနိုင်ရာ
သင်မည်သို့ ရှင်သန်လုပ်ဆောင်သည်ဆိုသည့်အပေါ်မှာသာ နားလည်မှု မလွဲနိုင်ပါ။

ကြင်နာသည့် အမှုအရာကို မြင်ရသည့်အခါ ငါ၌ ကြင်နာလိုစိတ် ပြင်းပြလာ
အားနည်းသည့်ညီအစ်ကို လဲကျသည့်အခါ သူ့ကို ကူညီရန် အတွက်သာ
ခွန်အားကြီးသူက နောက်ချန်နေရစ်ရာ ထိုခဏ ငါ့စိတ်ထဲပြင်းပြလာသည့် ထိုဆန္ဒမှာ
ငါသိသော ထိုမိတ်ဆွေဖြစ်လာမည့်သူအလား၊ အားကြီးပြီး စာနာထောက်ထားမှုရှိလာရန်သာ
ယနေ့အကောင်းဆုံးလမ်းပြဆိုသည်မှာ မိမိတို့အား ပြောပြသည့် သူမဟုတ်၊
လမ်းပြသူသာဖြစ်ကြောင်း ခရီးသွားအားလုံး မြင်ကြရမည်အမှန်။

မိမိတို့ မြင်သည့်အရာကို လူတို့ ယုံကြည်ကြရာ၊ ကောင်းသောသူတစ်ဦးက အများကို သင်ကြားမှာ၊
ကြင်နာသည့်အမှုတစ်ခုကို မြင်ရခြင်းက ထိုအကြောင်းအရာပေါင်းများစွာကို ပြောပြခြင်းထက်သာ
ဂုဏ်သိက္ခာရှိသူများနှင့်ရပ်တည်သူက မိမိဂုဏ်သိက္ခာကို ထိန်းသိမ်းရန် ကြိုးစားမည်ဖြစ်ရာ
လူတိုင်းအတွက် ရှင်းလင်းသည့်ဘာသာစကားက မှန်ကန်သော ရှင်သန်မှုပါ။
စကားပြောကောင်းသူက ငါ့အား သူ့ကျွမ်းကျင်မှုဖြင့် ဆွဲဆောင်ငြားလည်း
ဒေသနာတစ်ခုကို ကြားရသည်ထက် ငါရှုမြင်လိုဟု ငါပြောနေဆဲ။